ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၄၄)    ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်

မာတိကာစဉ်

၁။ မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ။ ၂-၄

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နှစ်ပေါင်း ၁၀၀နှင့်အထက်သက်တမ်းရှိသည့် အဆောက်အအုံများကို ရှေးဟောင်းအဆောက်အအုံများအဖြစ်သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာနှင့်စပ်လျဉ်း၍ သိကောင်းစရာ။ ၅

၃။ တောင်ကိုရီးယားနိုင်ငံမှ Meta အပေါ် ငွေဒဏ် $ 15 million ချမှတ်ခြင်းနှင့် စပ်လျဉ်း၍ လေ့လာတင်ပြခြင်း။ ၆-၈

၄။ အစိုးရကို ဝေဖန်ရေးသားသည့် စာနယ်ဇင်းသမားများကို ရာဇဝတ်မှုစွဲဆို၍ မရကြောင်း အိန္ဒိယနိုင်ငံတရားလွှတ်တော်ချုပ်ရုံးက ဆုံးဖြတ်ခြင်း။ ၉-၁၀

၅။ ဥရောပသမဂ္ဂ(EU)နှင့်ဉာဏ်ရည်တုဆိုင်ရာအက်ဥပဒေ(Artificial Intelligence Act) ၁၁-၁၃

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေ သတင်းအချက်အလက်များ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှထုတ်ပြန်သည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပြည်ထောင်စုနယ်မြေတို့၏ ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်း ကနဦးစိစစ်ရေးအဖွဲ့ဖွဲ့စည်းခြင်းအမိန့်ကြော်ငြာစာများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှထုတ်ပြန်သည့်ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နှစ်ပေါင်း ၁၀၀ နှင့်အထက် သက်တမ်းရှိသည့်အဆောက်အအုံများကို ရှေးဟောင်းအဆောက်အအုံများအဖြစ်သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာတို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

ရှေးဟောင်းအဆောက်အအုံများကာကွယ်ထိန်းသိမ်းရေးဥပဒေကို ၂၆-၈-၂၀၁၅ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၁ဖြင့်ထုတ်ပြန်ခဲ့ပြီး ရှေးဟောင်းအဆောက်အအုံများအစွန့်ရှည်တည်တံ့စေရေးအတွက် ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာမူဝါဒကို အကောင်အထည်ဖော်နိုင်ရန်၊ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူ့ပယောဂကြောင့်ဖြစ်စေ ရှေးဟောင်းအဆောက်အအုံများ ယိုယွင်းပျက်စီးပျောက်ဆုံးခြင်းမရှိစေရေးအတွက် ကာကွယ်ထိန်းသိမ်းနိုင်ရန်၊ ရှေးဟောင်းအဆောက်အအုံများကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေရန်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာစေရန်၊ ရှေးဟောင်းအဆောက်အအုံများ၏တန်ဖိုးမြင့်မားမှုကို အများပြည်သူများ သိရှိနားလည်နိုင်ကြစေရန်၊ ရှေးဟောင်းအဆောက်အအုံများ ဖျက်ဆီးမှုမခံရစေရေးအတွက် ကာကွယ်စောင့်ရှောက်ရန်၊ ရှေးဟောင်းအဆောက်အအုံများ ရှာဖွေဖော်ထုတ်ထိန်းသိမ်းရန်၊ ရှေးဟောင်းအဆောက်အအုံများကို ကာကွယ်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်က သဘောတူလက်ခံထားသော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း၊ ဒေသဆိုင်ရာသဘောတူညီချက်များနှင့်အညီ ဆောင်ရွက်ရန်

စသည့်ရည်ရွယ်ချက်များဖြင့် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။

ယင်းဥပဒေပုဒ်မ ၂ (က) တွင် ရှေးဟောင်းအဆောက်အအုံဆိုသည်မှာ မြေပေါ်တွင်ဖြစ်စေ၊ မြေအောက်တွင်ဖြစ်စေ၊ ရေပေါ်တွင်ဖြစ်စေ၊ ရေအောက်တွင်ဖြစ်စေ နှစ်ပေါင်း ၁၀၀ နှင့်အထက် သက်တမ်းရှိသည့်ကျောက်ဖြစ်ရုပ်ကြွင်းများတွေ့ရှိရာ ဘူမိသဘာဝပတ်ဝန်းကျင်နေရာများအပါအဝင် လူသားတို့နေထိုင်ပြုလုပ်သုံးစွဲတည်ဆောက်ခဲ့သည့် အဆောက်အအုံများနေရာများကို ဆိုကြောင်း၊ ပုဒ်မ ၂(ခ) တွင် ရှေးဟောင်းစာရင်းဝင်အဆောက်အအုံဆိုသည်မှာ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသောရှေးဟောင်းအဆောက်အအုံများ၏စာရင်းတွင်ပါဝင်သော အဆောက်အအုံကိုဆိုကြောင်း အဓိပ္ပာယ်သတ်မှတ်ထားပါသည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံများကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၃၄(ခ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပဲခူးတိုင်းဒေသကြီး အတွင်းရှိနှစ်ပေါင်း ၁၀၀နှင့်အထက် သက်တမ်းရှိသည့်အဆောက်အအုံများကို ရှေးဟောင်းအဆောက်အအုံများအဖြစ်သတ်မှတ်ခြင်းအမိန့်ကြော်ငြာစာအား ၆-၁၁-၂၀၂၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာ အမှတ် ၁၇/၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ယင်းအမိန့်ကြော်ငြာစာ၌ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နှစ်ပေါင်း ၁၀၀နှင့်အထက် သက်တမ်းရှိသည့်အဆောက်အအုံခြောက်ခုဖြစ်သည့် ပဲခူးမြို့နယ်၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ပင်မဆောင်၊ ပြည်မြို့နယ်၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ပင်မဆောင်နှင့် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ ရွှေတောင်မြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း (ရွှေတောင်)ရှိနဝရတ်ဆောင်နှင့်ပုလဲဆောင်၊ ကြို့ပင်ကောက်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း၊(ကြို့ပင်ကောက်)နဝရတ်ဆောင်တို့ကို ရှေးဟောင်းအဆောက်အအုံများအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပြီး ၎င်းအဆောက်အအုံခြောက်ခုတို့၌ အနုပညာ၊ ဗိသုကာလက်ရာအနည်းငယ်ရှိသည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ရေးဟောင်းအဆောက်အအုံများကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ ရေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးနည်းဥပဒေနှင့် ရေးဟောင်းအဆောက်အအုံများအဖြစ် သတ်မှတ်ခြင်းအမိန့်ကြော်ငြာစာများကို လေ့လာသိရှိလိုသူများအနေဖြင့် MLIS Website တွင် အလွယ်တကူဝင်ရောက် လေ့လာကြည့်ရှုနိုင်ပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ(၂) အမှတ် (၄၄) ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နှစ်ပေါင်း ၁၀၀နှင့်အထက်သက်တမ်းရှိသည့်အဆောက်အအုံများကို ရှေးဟောင်းအဆောက်အအုံများအဖြစ်သတ်မှတ်ခြင်းအမိန့်ကြော်ငြာစာနှင့်စပ်လျဉ်း၍သိကောင်းစရာ

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံများကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၃၄ပုဒ်မခွဲ(ခ)အရအပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အဆောက်အအုံ ၁၅ ခုကို ရှေးဟောင်းအဆောက်အအုံများအဖြစ်သတ်မှတ်သည့် အမိန့်ကြော်ငြာစာကို ၆-၁၁-၂၀၂၄ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၂၁/၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ယင်းအမိန့်ကြော်ငြာစာအရ သတ်မှတ်သည့်ရန်ကုန်တိုင်းဒေသကြီးအတွင်းနှစ်ပေါင်း ၁၀၀နှင့်အထက်သက်တမ်းရှိသည့်ရှေးဟောင်းအဆောက်အအုံများမှာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(အင်းစိန်)ရှောဝတီဆောင်၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း (အင်းစိန်ခရိုင်ပညာရေးမှူးရုံး)သံလွင်ဆောင်၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း(ပုဇွန်တောင်)၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(ပုဇွန်တောင်)၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ဗိုလ်တထောင်)မြတ်လေးဆောင်၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း (ဗိုလ်တထောင်)ပတ္တမြားဆောင်၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း (ဗိုလ်တထောင်) သီရိမာလာဆောင်၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း(မင်္ဂလာတောင်ညွန့်)သရဖီဆောင်၊အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း (မင်္ဂလာတောင်ညွန့်)စာကြည့်တိုက်ဆောင်၊ ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၊ ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံး၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (ဒဂုံ)ပင်မ(၃)ထပ်ဆောင် (ယခင်မြို့မကျောင်း)၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း (ပန်းဘဲတန်း)ပင်မဆောင်၊ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်နှင့် ကမ္ဘောဇရိပ်သာ (ချင်းချောင်းနန်းတော်) တို့ဖြစ်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့်ညွှန်ကြားချက်များစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

## တောင်ကိုရီးယားနိုင်ငံမှ Meta အပေါ် ငွေဒဏ် $ 15 million ချမှတ်ခြင်းနှင့်စပ်လျဉ်း၍ လေ့လာတင်ပြခြင်း

တောင်ကိုရီးယားနိုင်ငံ၏ လူပုဂ္ဂိုလ်ဆိုင်ရာသတင်းအချက်အလက်ကာကွယ်ရန် စောင့်ကြည့်လေ့လာရေးအဖွဲ့က ၅-၁၁-၂၀၂၄ ရက်နေ့တွင် ဆိုရှယ်မီဒီယာ ကုမ္ပဏီဖြစ်သည့် Meta အပေါ် ဝမ် 21.6 ဘီလီယံ (ဒေါ်လာ 15 သန်း)ဒဏ်ငွေချမှတ်ခဲ့ပါသည်။ ထိုသို့ဒဏ်ငွေချမှတ်ရသည့်အကြောင်းမှာ facebook အသုံးပြုသူများထံမှ ၎င်းတို့၏နိုင်ငံရေးဆိုင်ရာအတွေးအမြင်နှင့် လိင်ပိုင်းဆိုင်ရာအကြောင်းအရာများပါဝင်သည့်အရေးကြီးသောအချက်အလက်များ ကိုယ်ရေးကိုယ်တာဒေတာများကို တရားမဝင်စုဆောင်းခြင်းကြောင့်ဖြစ်ပါသည်။

ယခုနှစ်များတွင် facebook အပြင် ၎င်းကုမ္ပဏီပိုင်ဆိုင်သည့် Instagram နှင့် WhatsApp ကဲ့သို့သော App များသည် ကိုယ်ရေးကိုယ်တာအချက်အလက်များအား ထိန်းကျောင်းကိုင်တွယ်မှုအပေါ် တောင်ကိုရီးယားအာဏာပိုင်များက စုံစမ်းစစ်ဆေးခဲ့ပြီး Meta ကို ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ပါသည်။

တောင်ကိုရီးယားနိုင်ငံ လူပုဂ္ဂိုလ်ဆိုင်ရာ သတင်းအချက်အလက်ကာကွယ်ရေးကော်မရှင်က ၂၀၁၈ ခုနှစ် ဇူလိုင်လမှ ၂၀၂၂ ခုနှစ် မတ်လအထိ လေးနှစ်ကြာ စုံစမ်းစစ်ဆေးမှုအပြီးတွင် Facebook အသုံးပြုသူ 980,000 ခန့်တို့ထံမှ ၎င်းတို့၏ဘာသာရေး၊ နိုင်ငံရေးဆိုင်ရာအတွေးအမြင်နှင့် လိင်တူဆိုင်ရာအဖွဲ့အစည်းများ၏ဒေတာများကို Meta မှ တရားမဝင်စုဆောင်းခဲ့သည်ဟု ကောက်ချက်ချခဲ့သည်။ အဆိုပါဒေတာကို ကြော်ငြာသူ 4,000 ခန့်နှင့် မျှဝေခဲ့သည်ဟု ဖော်ပြထားပါသည်။ ထို့အပြင် Meta သည် Facebook အသုံးပြုသူများ ကြိုက်နှစ်သက်သည့် Pages သို့မဟုတ် ၎င်းတို့ကြည့်ရှုသည့် ကြော်ငြာများကို ခွဲခြမ်းစိတ်ဖြာခြင်းပြုလုပ်၍ အရေးကြီးသောအချက်အလက်များကို စုဆောင်းခဲ့သည်ဟု ကော်မရှင်က ပြောကြားခဲ့ပါသည်။

တောင်ကိုရီးယား၏ သတင်းအချက်အလက်လုံခြုံရေးဥပဒေသည် ပုဂ္ဂိုလ်ရေးဆိုင်ရာယုံကြည်ချက်များ၊ နိုင်ငံရေးဆိုင်ရာအတွေးအမြင်များ၊ လိင်ပိုင်းဆိုင်ရာအပြုအမူများနှင့်ပတ်သက်သည့်အချက်အလက်

များအတွက် တင်းကျပ်သောကာကွယ်မှုပေးထားပြီး ကုမ္ပဏီများအနေဖြင့် သက်ဆိုင်သူ၏သီးခြား ခွင့်ပြုချက်မရှိဘဲ အဆိုပါအချက်အလက်များကို ထိခိုက်အောင်ပြုလုပ်ခြင်း သို့မဟုတ် အသုံးပြုခြင်း တို့ကို တားမြစ်ထားပါသည်။

ကုမ္ပဏီသည် Facebook အသုံးပြုသူများ၏ စိတ်ဝင်စားမှုရှိသည့် အကြောင်းအရာများဖြစ်သော ဘာသာရေးများကွဲပြားမှု၊ လိင်တူနှင့် လိင်ပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များနှင့် မြောက်ကိုရီးယားမှ လွတ်မြောက်လာသူများစသည့် အကြောင်းအရာများကိုကြော်ငြာနိုင်ရန် အမျိုးအစားခွဲခြားထား ကြောင်း Meta နှင့်ပတ်သက်၍ ဦးဆောင်စုံစမ်းစစ်ဆေးခဲ့သော ကော်မရှင်၏ဒါရိုက်တာ Lee Eun Jung က ပြောကြားခဲ့ပါသည်။

Meta သည် အဆိုပါအရေးကြီးသောအချက်အလက်များကိုစုဆောင်းပြီး တစ်ဦးချင်းသီးသန့် ဝန်ဆောင်မှုများအတွက် အသုံးပြုနေစဉ်တွင် ၎င်းတို့၏ data မူဝါဒတွင် အသုံးပြုမှုနှင့်ပတ်သက်၍ သေချာရေရာမှုမရှိသော ဖော်ပြချက်များကိုသာပြုလုပ်ခဲ့ပြီး တိကျသော သဘောတူခွင့်ပြုချက်မရရှိခဲ့ ကြောင်း Lee က ပြောကြားခဲ့ပါသည်။

Meta သည် Facebook အသုံးပြုသူများ၏ကိုယ်ရေးကိုယ်တာလုံခြုံရေးအတွက် အခြေခံ ဆောင်ရွက်ချက်များဖြစ်သည့် အသုံးပြုခြင်းမရှိသော Pages များကို ဖယ်ရှားခြင်း သို့မဟုတ် Block ပြုလုပ်ခြင်းတို့ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဟက်ကာများက အသုံးပြုခြင်းမရှိသော Pages များကို အသုံးပြု၍ အခြား Facebook သုံးစွဲသူများ၏ account များအတွက် password ပြန်လည်တောင်းခံ ရာတွင် Meta အနေဖြင့်သင့်လျော်သည့် verificationမပါဘဲလက်ခံခဲ့ခြင်းကြောင့် တောင်ကိုရီးယားမှ Facebook သုံးစွဲသူ ၁၀ ဦးထက်မနည်း data ချိုးဖောက်မှုခံခဲ့ရသည်ဟု Lee က ထပ်မံပြောကြားခဲ့ ပါသည်။

၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ဥရောပစည်းကမ်းထိန်းသိမ်းရေးအဖွဲ့များသည် Facebook အသုံးပြုသူများ၏ password ၌ ယာယီကုတ်နံပါတ်ဖော်ပြမှုများနှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ်အတွင်း

လုံခြုံရေးပျက်ကွက်မှုအတွက် Meta ကို ဒဏ်ငွေဒေါ်လာသန်း 100 ကျော် ဒဏ်ရိုက်ခဲ့သည်ဟု သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Reference:

https://www.msn.com/en-us/money/other/south-korea-fines-meta-15-million-what-we-know-so-far

## အစိုးရကိုဝေဖန်ရေးသားသည့် စာနယ်ဇင်းသမားများကို ရာဇဝတ်မှုစွဲဆို၍မရကြောင်း အိန္ဒိယနိုင်ငံတရားလွှတ်တော်ချုပ်ရုံးက ဆုံးဖြတ်ခြင်း

အိန္ဒိယနိုင်ငံတရားလွှတ်တော်ချုပ်သည် ပထမသတင်းပေးတိုင်ချက် ဖွင့်လှစ်ခံထားရသည့် စာနယ်ဇင်းသမားနှစ်ဦးအား ကာကွယ်ပေးသည့်အမိန့်နှစ်ရပ်ကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလအတွင်း ချမှတ်ခဲ့ပါသည်။ အူတာပရာဒေ့ရှ်ပြည်နယ်အစိုးရက အုပ်ချုပ်ရေးရာထူးနေရာခန့်အပ်မှုများတွင် ဇာတ်ခွဲခြားမှုရှိသည်ဟု စွပ်စွဲထားသည့် ဆောင်းပါးများရေးသားခြင်းကြောင့် အဆိုပါစာနယ်ဇင်းသမားများကို ပထမသတင်းပေးတိုင်ချက်ဖွင့်လှစ်ခံရခြင်းဖြစ်သည်။

စာနယ်ဇင်းသမားတစ်ဦးဖြစ်သည့် Mr. Abhishek Upadhyay သည် ၎င်းရေးသားသည့် ဆောင်းပါးကြောင့် အမှုဖွင့်တိုင်ကြားခံရပြီးနောက် တရားလွှတ်တော်ချုပ်သို့ ရာဇဝတ်မှုဆိုင်ရာ စာချွန်တော်တစ်ရပ်ကို တင်သွင်းလျှောက်ထားခဲ့သည်။ ဆောင်းပါးတွင် အူတာပရာဒေ့ရှ်ပြည်နယ် အုပ်ချုပ်ရေးအတွင်းဖြစ်ပေါ်လျက်ရှိသည့် ဇာတ်အလိုက်ဘက်လိုက်မှုကိစ္စကို အသေးစိတ်ဖော်ပြထားပြီး အဆိုပါဘက်လိုက်မှုများကိုင်တွယ်ဆောင်ရွက်ရာတွင် ကျယ်ပြန့်စွာရှိနေသည့်အန္တရာယ်များကို ရေးသားဖော်ပြခဲ့သည်။ အူတာပရာဒေ့ရှ်ပြည်နယ်အစိုးရသည် အုပ်ချုပ်ရေးရာထူးနေရာများအတွက် အချို့သောဇာတ်အုပ်စုမှ ပုဂ္ဂိုလ်များကို ဦးစားပေး ခန့်အပ်သည်ဟုလည်း ဝေဖန်ရေးသားခဲ့သည်။

ပထမသတင်းပေးတိုင်ချက်အရ Mr. Upadhyay သည် ရာဇသတ်ကြီး (Bharatiya Nyaya Sanhita 2023) ပုဒ်မ ၃၅၃ (အများပြည်သူထိခိုက်စေရန် ရေးသားဖော်ပြမှု)၊ ပုဒ်မ ၁၉၇ (၂) (ဂ) (အမျိုးသားစည်းလုံးညီညွတ်မှုကို ထိပါးစေသည့် ရေးသားပြောဆိုမှု)၊ ပုဒ်မ ၃၀၂ (လူအချို့၏ ဘာသာရေးဆိုင်ရာခံစားချက်ကိုထိပါးရန် ရည်ရွယ်ချက်ဖြင့်ဖော်ပြမှု)၊ ပုဒ်မ ၃၅၆ (အသရေဖျက်မှု) နှင့်၂၀၀၀ပြည့်နှစ်၊ သတင်းနည်းအချက်အလက်ပညာအက်ဥပဒေပုဒ်မ ၆၆ တို့အရတရားစွဲဆိုခံရခြင်းဖြစ်ပါသည်။

Mr. Upadhyay က တရားလွှတ်တော်ချုပ်သို့ လျှောက်ထားရာတွင် ၎င်းရေးသားသည့် ဆောင်းပါးတစ်ခုလုံးသည် သာမန်အားဖြင့် ဥပဒေအရအရေးယူအပြစ်ပေးနိုင်သည့် မည်သည့်ပြစ်မှုမျှ

မမြောက်ကြောင်းတင်ပြခဲ့ပြီး ယခုတိုင်တန်းချက်အား ပယ်ဖျက်ပေးရန်နှင့် ဆောင်းပါးနှင့်ဆက်စပ်သည့် အခြားသောတိုင်တန်းချက်များရှိခဲ့သော် အဆိုပါတိုင်တန်းချက်များကိုလည်း ပယ်ဖျက်ပေးရန်တင်ပြ လျှောက်ထားခဲ့သည်။

အိန္ဒိယတရားလွှတ်တော်ချုပ်သည် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် ကြားဖြတ်အမိန့်တစ်ရပ်ထုတ်ပြန်ခဲ့ရာ၌ဒီမိုကရေစီကျင့်သုံးသောနိုင်ငံများတွင် အမြင်သဘောထားများရေးသားဖော်ပြခွင့်ကိုလေးစားရကြောင်း၊ စာနယ်ဇင်းသမားများ၏အခွင့်အရေးများကို အိန္ဒိယနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉(၁)(က)အရ အကာအကွယ်ပေးထားကြောင်း၊ ရေးသားချက်များသည် အစိုးရကိုဝေဖန်ခြင်းဖြစ်ရုံမျှဖြင့် ရေးသားသူကို ရာဇဝတ်မှုစွဲဆိုခြင်းမပြုသင့်ကြောင်း ဆုံးဖြတ်ခဲ့သည်။ ထို့ပြင်အချင်းဖြစ်ဆောင်းပါးနှင့်ဆက်စပ်၍ Mr. Upadhyay အပေါ် မည်သည့်အကျပ်ကိုင် ဆောင်ရွက်မှုမျှမပြုလုပ်သင့်ကြောင်း တရားလွှတ်တော်ချုပ်က စီရင်ဆုံးဖြတ်ခဲ့သည်။

အလားတူပင် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင်လည်း အူတာပရာဒေ့ရှ်ပြည်နယ်အုပ်ချုပ်ရေးအတွင်း ဇာတ်ခွဲခြားမှုစွပ်စွဲရေးသားချက်ကြောင့် ပထမသတင်းပေးတိုင်ချက်(၄)ခုဖွင့်လှစ်တိုင်ကြားခံရသော Mamta Tripathi ကို အကာအကွယ်ပေးသည့်အမိန့်တစ်ရပ်အားတရားလွှတ်တော်ချုပ်က ချမှတ်ခဲ့သည်ဟု သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Reference:

https://www.mondaq.com/india/white-collar-crime-anti-corruption-fraud/1541800/criminal-cases-cannot-be-filed-against-journalists-merely-because-their-writings-amount-to-criticism-of-the-government?email_access=on

## ဥရောပသမဂ္ဂ (EU) နှင့် ဉာဏ်ရည်တုဆိုင်ရာအက်ဥပဒေ (Artificial Intelligence Act)

ဥရောပကော်မရှင်သည် ၂၀၂၁ ခုနှစ်၊ ဧပြီလတွင် ဉာဏ်ရည်တု (Artificial Intelligence) များအတွက် ဥရောပသမဂ္ဂ၏ပထမဦးဆုံးဥပဒေမူဘောင်တစ်ခုဖြစ်သည့် ဉာဏ်ရည်တုဆိုင်ရာအက်ဥပဒေ (Artificial Intelligence Act)ကိုပြဋ္ဌာန်းရန် အဆိုပြုခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊မတ်လတွင် ဥရောပသမဂ္ဂ၏ ဥပဒေပြုလွှတ်တော်က ဉာဏ်ရည်တုဆိုင်ရာအက်ဥပဒေ(Artificial Intelligence Act)ကို အတည်ပြုခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁ရက်နေ့တွင် စတင်အာဏာသက်ဝင်ခဲ့ပါသည်။ ဥပဒေပြုလွှတ်တော်၏ ဦးစားပေးရည်ရွယ်ချက်မှာ EU တွင် အသုံးပြုသည့် AI စနစ်များသည် ဘေးအန္တရာယ်ကင်းသော၊ ပွင့်လင်းမြင်သာမှုရှိသော၊ ခြေရာခံနိုင်သော၊ ခွဲခြားမှုမရှိသော၊ ရင်းနှီးကျွမ်းဝင်မှုရှိသောစနစ်များဖြစ်လာစေရန်ဖြစ်ကြောင်း သိရှိရပါသည်။

ယင်းအက်ဥပဒေသည် အာဏာသက်ဝင်ပြီးနောက် ၂၄ လအကြာတွင် အပြည့်အဝအသုံးချနိုင်မည်ဖြစ်ပြီး အချို့အစိတ်အပိုင်းများဖြစ်သည့်လက်မခံနိုင်သည့်အန္တရာယ်များရှိသော AI စနစ်များ ပိတ်ပင်ခြင်းသည် ဥပဒေအာဏာသက်ဝင်ပြီးနောက် ခြောက်လအကြာတွင် သက်ရောက်မည်ဖြစ်ကြောင်း၊ကျင့်ထုံးဥပဒေများကို ဥပဒေအာဏာသက်ဝင်ပြီးနောက် ကိုးလအကြာတွင် ကျင့်သုံးနိုင်မည်ဖြစ်ကြောင်း၊ပွင့်လင်းမြင်သာမှုလိုအပ်ချက်များကို လိုက်နာရန်လိုအပ်သောအထွေထွေ-ရည်ရွယ်ချက် AI စနစ်ဆိုင်ရာစည်းမျဉ်းများကို ဥပဒေအာဏာသက်ဝင်ပြီးနောက် ၁၂ လ အကြာတွင် ကျင့်သုံးမည်ဖြစ်ကြောင်း သိရှိရပါသည်။

လက်မခံနိုင်သောအန္တရာယ်ရှိသည့် AI စနစ်များသည် လူများကို ခြိမ်းခြောက်မှုဟုသတ်မှတ်ပြီး တားမြစ်ရမည်ဖြစ်ကြောင်း၊ လူအများနှင့် အထူးအားနည်းချက်ရှိသည့်သူများကို သိမြင်နိုင်သော အပြုအမူဆိုင်ရာခြယ်လှယ်ခြင်း (ဥပမာ- ကလေးသူငယ်များတွင် အန္တရာယ်ရှိသောအပြုအမူများကို ဖြစ်စေသည့်အသံဖြင့်အသက်သွင်းထားသည့်အရုပ်များ)၊ Biometric (လူများ၏သွင်ပြင်လက္ခဏာနှင့် ပုံပန်းသဏ္ဌာန်တို့ကို တွက်ချက်တိုင်းတာခြင်း)ကို ခွဲခြားသတ်မှတ်ခြင်းနှင့် လူများကိုအမျိုးအစားခွဲခြားခြင်း၊ မျက်နှာမှတ်သားခြင်းကဲ့သို့သော ချက်ချင်းဖြစ်သော သို့မဟုတ် အချိန်ယူရသော

Biometric အတည်ပြုခြင်းစနစ်တို့သည်လက်မခံနိုင်သောအန္တရာယ်ရှိသည့်စနစ်များတွင် ပါဝင်ကြောင်း သိရှိရပါသည်။

Chat GPT ကဲ့သို့ Generative AI သည် အန္တရာယ်မြင့်မားမှုအဖြစ် သတ်မှတ်ခြင်းမရှိသော်လည်း ပွင့်လင်းမြင်သာမှုလိုအပ်ချက်များနှင့် EU မူပိုင်ခွင့်ဥပဒေတို့ကိုလိုက်နာရမည်ဖြစ်ကြောင်း၊ ယင်းသို့လိုက်နာရာတွင် AI ကထုတ်လုပ်ပေးသည့်အကြောင်းအရာများကို ထုတ်ဖော်ပြောဆိုခြင်း၊ တရားမဝင်သောအကြောင်းအရာများထုတ်လုပ်ခြင်းမှကာကွယ်ရန် ပုံစံများကို ရေးဆွဲသတ်မှတ်ခြင်း၊ လေ့ကျင့်မှုအတွက်အသုံးပြုထားသည့် မူပိုင်ခွင့်ရယူထားသောအချက်အလက်များ၏အကျဉ်းချုပ်များ ထုတ်ဝေခြင်းတို့ကိုဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပိုမိုအဆင့်မြင့်သော AI ပုံစံ Chat GPT 4 ကဲ့သို့ စနစ်ကျသောအန္တရာယ်ဖြစ်နိုင်သည့်သက်ရောက်မှုမြင့်မားသော AI ပုံစံများကိုစေ့စေ့စပ်စပ်အကဲဖြတ်ခြင်းများပြုလုပ်ရမည်ဖြစ်ပြီး ပြင်းထန်သောဖြစ်ရပ်များကို ဥရောပကော်မရှင်ထံ အစီရင်ခံတင်ပြရမည်ဖြစ်ကြောင်း၊ AI ၏အကူအညီဖြင့်ထုတ်လုပ်ခြင်း သို့မဟုတ် ပြုပြင်ထားသောအကြောင်းအရာဖြစ်သည့်ရုပ်သံများ၊အသံ သို့မဟုတ် ဗီဒီယိုဖိုင်များတွင် အသုံးပြုသူများသိရှိနိုင်စေရန် AI ထုတ်ပေးသည့် အကြောင်းအရာများဖြစ်ကြောင်း ရှင်းလင်းစွာဖော်ပြ၍ အသိပေးရမည်ဖြစ်ကြောင်း သိရှိရပါသည်။

ယခုအချိန်တွင် ဥရောပသမဂ္ဂအနေဖြင့် အထွေထွေရည်ရွယ်ချက် AI ပုံစံများအတွက် ပြီးပြည့်စုံသော စည်းမျဉ်းစည်းကမ်းလမ်းညွှန်ချက်များကိုဖန်တီးရန် အထွေထွေ-ရည်ရွယ်ချက် AI စနစ်ဆိုင်ရာကျင့်ထုံးဥပဒေပထမမူကြမ်း (First Draft General-Purpose AI Code of Practice) ကို စတင်မိတ်ဆက်ခဲ့ကြောင်းနှင့် အပြီးသတ်မူကြမ်းကို ၂၀၂၅ ခုနှစ် မေလ ၁ ရက်နေ့တွင် အဆင်သင့်ဖြစ်ရန်သတ်မှတ်ထားကြောင်း သိရှိရပါသည်။

တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

Reference:

- https://www.artificialintelligence-news.com/news/eu-introduces-draft-regulatory-guidance-for-ai-models/
- https://www.europarl.europa.eu/topics/en/article/20230601STO93804/eu-ai-act-first-regulation-on-artificial-intelligence
- https://www.slobodenpecat.mk/my/eu-go-odobri-prviot-zakon-vo-svetot-za-veshtachka-inteligencija/

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၄၄) ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

